## မြန်မာနိုင်ငံ - ဆိုးဝါးသည့်လူ့အခွင့်အရေးစိမ်ခေါ်မှုများကြောင့် လူ့အခွင့်အရေးကောင်စီ (HRC) ၏ အာရုံစိုက်မှု ဆက်လက်လိုအပ်နေခြင်း

မြန်မာနိုင်ငံမှ အရပ်ဖက်လူထုအသင်းအဖွဲ့များက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို မြန်မာနိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော ဆိုးဝါးသည့် လူ့အခွင့်အရေးမတရားမှုများကို ဆက်လက်အရေးထားရန် တိုက်တွန်းလိုက်ပါသည်။ လွန်ခဲ့သည့် ၂ နှစ်အတွင်း အစိုးရသည် ထင်ရှားသော ဖြစ်ထွန်း တိုးတက်မှုများ ဆောင်ရွက်ခဲ့ရာမှာ ဒီမိုကရေစီ ပြုပြင်ပြောင်း လဲရေးဆီသို့ အရေးပါပြီး လိုအပ်သည့်ခြေလှမ်းများ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် ယင်းသို့သော ဖြစ်ထွန်းမှုများသည် အကန့်အသတ်ကျဉ်းမြောင်းလှပြီး ကျေပျက်လွယ်နေပါသည်။

နိုင်ငံတွင်းမှ တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ရှိနေပြီး နိုင်ငံ့မြို့တော် ၌ဖြစ်ပွားနေသော နိုင်ငံရေးဖြစ်ထွန်းမှုများကြောင့် ပို၍ပို၍ပစ်ပယ်မှုခံနေရပါသည်။ အထူးတလည်စိုးရိမ်ပူပန်စရာမှာ ကချင်ပြည်နယ်မှ ဆိုးဝါးပြင်းထန်သည့်အခြေအနေဖြစ်ပါသည်။ ၎င်းဒေသတွင် ပြည်တွင်းစစ်ပြေးဒုက္ခသည် (IDP) စခန်းများအနီး မြန်မာစစ်တပ်က ၂၀၁၂ ဒီဇင်ဘာလမှစ၍ လေကြောင်းတိုက်ခိုက်မှုများ၊ ပဒေသာပုံးများသုံး၍ ထိုးစစ်ကိုမြှင့်တင်ခဲ့ရာ အရပ်သားများသေကြေခဲ့ကြသည်။ ကချင်ပြည်သူတို့အပေါ် မြန်မာစစ်တပ်မှ ဆက်လက်ကျူးလွန်ခဲ့သည်ဆိုသော လက်မခံနိုင်စရာ လူ့အခွင့်အရေး စနစ်တကျဖောက်ဖျက်မှုများထဲတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ညှဉ်းပမ်းနှိပ်စက်မှု၊ စိတ်ထင်သလိုဖမ်းဆီးမှု နှင့် တရားရုံးတင်စစ်ဆေးခြင်းမရှိဘဲသတ်ဖြတ်မှုတို့ပါဝင်ပြီး လူသားမျိုးနွယ်ဆန့်ကျင်ရေးရာဇဝတ်မှု မြောက်နိုင်ပါသည်။ ကချင်ပြည်နယ် အကြပ်အတည်းသည် အခြားတိုင်းရင်းသားအတိုက်အခံအဖွဲ့များနှင့် ရရှိထားသည့် အပစ်အခတ်ရပ်စဲရေး ရှေ့ပြေးသဘောတူညီချက်များ၏ အစွမ်းသတ္တိကိုလည်း အလေးအနက်ခြိမ်းခြောက်လျက်ရှိပါသည်။

တချိန်တည်းတွင် ရခိုင်ပြည်နယ်၌ ရခိုင်ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာမွတ်ဆလင်များအကြား မကြာသေးသည့်လများအတွင်း ဆိုးဝါးသည့် လူမျိုးရေးအကြမ်းဖက်မှု နှစ်ကြိမ်ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၁၀၀ မကသေဆုံးပြီး လူတသိန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရပါသည်။ အကြမ်းဖက် မှုကြောင့် အိုးအိမ်စွန့်ခဲ့ရသူများသည် စုတ်ချာလှသည့် စခန်းများထဲ နေထိုင်နေကြပြီး အစားအသောက်မလုံမလောက်နှင့် အခြားအခြေခံ လိုအပ်ချက်များ ချို့တဲ့နေကြသည်။ အကြမ်းဖက်မှုများကို နှစ်ဖက်စလုံးမှကျူးလွန်ခြင်းဖြစ်သော်လည်း၊ မွတ်ဆလင်လူထုအပေါ် စနစ်တကျနှင့် ဖွဲ့ဖွဲ့စည်းစည်း ခွဲခြားဆက်ဆံနေမှုကို အပြုသဘောကိုင်တွယ်မည့် အဓိပ္ပာယ်ရှိသောခြေလှမ်းများ လှမ်းဖို့ အစိုးရအနေဖြင့် လုံးဝပျက်ကွက်နေသည်။

အတိုက်အခံပြုမှုနှင့် လွတ်လပ်စွာစုဝေးခွင့်တို့ကို အစိုးရက ပါးလုပ်လုပ်သည်းခံခွင့်ပြုမှုမှာလည်း ထူးထူးခြားခြားတိုးတက်ပြောင်းလဲလာမှု မတွေ့ရဘဲ စိတ်ထင်သလိုဖမ်းဆီးထိန်းသိမ်းခြင်းများနှင့် တရားရေးအရနှောင့်ယှက်ခြင်းများအားဖြင့် ဆန့်ကျင်သူများ၏လှုပ်ရှားမှုများကို ဆက်လက် ဖိနှိပ်နေပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေသစ်ဖြစ်သော ငြိမ်းချမ်းစွာစုဝေးခွင့် နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေ၏ ပုဒ်မ ၁၈ ကိုအသုံးချသည့် အားသန်မှုတစ်ခုဖြစ်ပေါ်လာနေပါသည်။ ယင်းဥပဒေအရ တရားဝင်ခွင့်ပြုချက်မရှိဘဲ လူစုလူဝေးပွဲများ လုပ်ခွင့်မရှိသဖြင့် လူ့အခွင့်အရေးကာကွယ်သူများ၊ လှုပ်ရှားတက်ကြွသူများ၏ လှုပ်ရှားမှုများကို ပြစ်မှုမြောက်စေပါသည်။ နိုင်ငံတလွှား ပျံ့ပွားနေသော မြေယာလုယူမှု၊ သိမ်းပိုက်မှုများကို ဆန့်ကျင်ဆန္ဒပြနေသည့် အခင်းအကျင်းအောက်တွင် ထိခိုက်ခံရပ်ရွာလူထုများအကြား ဆန့်ကျင်ခုခံမှု၊ မကျေနပ်မှုတို့ ပို၍ပို၍ဖြစ် ပွားနေပါသည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် လက်ပံတောင်းကြေးနီမိုင်း၌ လုံထိန်းရဲများက သပိတ်စခန်းတစ်ခုကို မီးသတ်ပိုက်၊ မျက်ရည်ယိုဗုံး၊ မီးလောင်ဗုံးများနှင့် တိုက်ခိုက်ခဲ့ရာ သံဃာတော်နှင့် လှုပ်ရှားတက်ကြွသူ အနည်းဆုံး ၇၀ မက ဒဏ်ရာရခဲ့ကြသည်။ ထိုမျှသာမက နိုင်ငံရေးအကျဉ်းသား ၂၀၀ ထက်မနည်းမှာလည်း အကျဉ်းထောင်များထဲ ရှိနေဆဲဖြစ်သည်။

ဤဆိုးဝါးသည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ ယခုအချိန်အထိ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ လွတ်လပ်၍ဘက်မလိုက်သော တရားစီရင်ရေးစနစ် မရှိသေးသည့် အနေအထားအောက်တွင် ဖြစ်ပျက်နေခြင်းဖြစ်ပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းက ယခင်ကတည်းကရှုတ်ချခဲ့သည့် ဖိနှိပ်ချုပ် ချယ်ရေးဥပဒေများမှာ

အသက်ဝင်နေဆဲဖြစ်ပြီး ဒီမိုကရေစီ နှင့်မကိုက်ညီသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ပြစ်ဒဏ်ကင်း လွတ်ခွင့်ပေးထားသလို စစ်တပ်ကို ဥပဒေအထက် နှင့် အရပ်ဖက်အာဏာပိုင်အထက်တွင် ထားရှိပေးပါသည်။

မြန်မာနိုင်ငံတွင် အပြုသဘောအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သော်လည်း အဓိကစိမ်ခေါ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ ယင်းစိမ်ခေါ်ချက် များမှာ မေ့ပျောက်မရနိုင်လောက်အောင် ကြီးမားလွန်းလှပါသည်။ သမ္မတဦးသိန်းစိန်အစိုးရသည် နိုင်ငံတကာအာရုံစိုက်မှု၊ နိုင်ငံတကာဖိအားပေးမှု တို့ကို အကဲခတ်နေပါသည်။ ထို့ကြောင့် ပို၍သေသေချာချာစိစစ် စောင့်ကြည့်ရန် ယခင်ထက်ပိုလိုအပ်နေပါသည်။ လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက်နှင့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့် အရေးအခြေအနေ အထူးစုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်၏ အခွင့်အာဏာတို့သည် ဆက်လက် တည်ရှိဆဲ စိမ်ခေါ်မှု များကို မီးမောင်းထိုးပြရန် နှင့် ပြုပြင်ပြောင်းလဲမှုများ တိုးတက်သည့်ဘက်သို့ရွေ့လျားရေး အာမခံနိုင်ရန် အချက်အချာ ကျသည့် နိုင်ငံတကာလက်နက်ကိရိယာများ ဖြစ်နေပါသည်။

**မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေ အပုံ့အနှံ့ဆိုးရွားနေမှုကြောင့် လူ့အခွင့်အရေးကောင်စီအနေဖြင့် အောက် ပါအချက်တို့ကို လုပ်ဆောင်ရန် ကျွန်ုပ်တို့မှ တိုက်တွန်းပါသည် -**

- မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာဆုံးဖြတ်ချက်ကို ခေါင်းစဉ် ၄ အောက်၌ "ကောင်စီ၏ အလေး ထားမှု ဆက်လက်လိုအပ်သော လူ့အခွင့်အရေးအခြေအနေများ" အဖြစ် ဆက်လက်ထားရှိပြီး ဤကိစ္စနှင့်ပတ် သက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းရေး အထူးကိုယ်စားလှယ်၏ အခွင့်အာဏာကို သက်တမ်းထပ်တိုးရန်။
- တိုးတက်သည့်နိုင်ငံရေးဖြစ်ထွန်းမှုများကို အားပေးလျက် ကောင်စီ၏ဆုံးဖြတ်ချက်တွင်လည်းကောင်း၊ ပြောဆို ကြေညာရာတွင် လည်းကောင်း၊ မြန်မာနိုင်ငံမှ တည်ရှိဖြစ်ပွားနေဆဲ လူ့အခွင့်အရေးဆိုင်ရာ စနစ်တကျ စိမ်ခေါ် ချက်များကို ဆက်လက်ထောက်ပြရန်၊ တဘက်တွင် လည်း အရေးကြီးသည့် ပြုပြင်ပြောင်းလဲမှုများအပေါ် မျှော်မှန်းချက်များကို ဖော်ပြပေးပြီး ယခင်ဆုံးဖြတ်ချက်များ၏ အရေးတကြီးတောင်းဆိုမှုများကို လိုက်လျောခြင်း မရှိခဲ့သည့်အတွက် အစိုးရ၌တာဝန်ရှိစေရန်။
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့်မြှင့်တင်မှုအခွင့်အာဏာ အပြည့်အဝရှိပြီး တနိုင်ငံလုံး သွားလာခွင့်အပြည့်အဝ ရှိသည့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) တစ်ခု ဖွင့်လှစ်တည်ထောင် ရေးကို ထောက်ခံရန်နှင့် မြန်မာအစိုးရ၏ ကတိခံဝန်ချက်ကို တရားဝင်စေမည့် အိမ်ရှင်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ထိုးဖို့ မြန်မာအစိုးရကိုတိုက်တွန်းရန်။

**လူ့အခွင့်အရေးကောင်စီအနေဖြင့် မြန်မာအစိုးရကို အောက်ပါအချက်တို့လုပ်ဆောင်ဖို့ တောင်းဆိုရန်လည်း ကျွန်ုပ်တို့က တိုက်တွန်းပါသည်-**

- ပဋိပက္ခဖြစ်ပွားရာနယ်မြေများတွင်လည်းကောင်း၊ အပစ်ခတ်ရပ်စဲနယ်မြေများတွင်လည်းကောင်း၊ တိုင်းရင်းသား လူနည်းစုအရပ်သားများ အပေါ် နိုင်ငံတကာလူ့အခွင့်အရေး နှင့် လူသားချင်းစာနာရေးဥပဒေ ချိုးဖောက် နေမှုများ၊ အထူးသဖြင့် တိုင်းရင်းသားအမျိုးသမီး များကို မြန်မာစစ်တပ် က နေရာအနှံ့အပြားမုဒိမ်းကျင့်နေမှုကို ချက်ခြင်းရပ် တန့်ရန်။
- လိုအပ်ချက်ရှိနေသည့် တနိုင်ငံလုံးမှပြည်သူအားလုံးထံ လူသားချင်းစာနာရေးအကူအညီ အပြည့်အဝ၊ အချုပ် အချယ်မရှိ၊ အန္တရာယ်ကင်း ကင်းပေးနိုင်ရေးကို ခွင့်ပြုကူညီပေးရန်။
- ဥပဒေများတွင်လည်းကောင်း၊ လက်တွေ့နယ်ပယ်၌လည်းကောင်း ခွဲခြားဆက်ဆံမှုအသွင်သဏ္ဍာန်အားလုံးကို အဆုံးသတ်ရန်။
- ဒီမိုကရေစီအတိုက်အခံများ၊ တိုင်းရင်းသားအတိုက်အခံအဖွဲ့များမှ စစ်မှန်သောကိုယ်စားလှယ်များ၊ အရပ်ဖက် လူထုအသင်းအဖွဲ့ လှုပ်ရှားသူများအားလုံး အပြည့်အဝထိတွေ့ဆက်ဆံရသည့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးပွဲ ဆောင်ရွက်ရန်။
- လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်သူများကို တာဝန်ယူစေရန်။

- မတရားသင်းအက်ဥပဒေဖြင့် တရားစွဲထောင်ချခံရသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချက်ခြင်းခြွင်းချက်မရှိ လွှတ်ပေးရန်။ မကြာမီက ထူထောင်ခဲ့သော နိုင်ငံရေးအကျဉ်းသားကော်မတီသည် နိုင်ငံရေးအကြောင်းခံစွဲချက်များဖြင့် လက်ရှိအကျဉ်းကျခံနေရသူများကို စုံစမ်းစစ်ဆေး ရာတွင်လည်းကောင်း၊ အတည်ပြုရာတွင်လည်းကောင်း၊ ဖော်ထုတ်သတ်မှတ်ရာတွင်လည်းကောင်း လွတ်လပ်အမှီခိုကင်းမှု၊ ကျွမ်းကျင်မှုနှင့် ဘက်မလိုက်မှုတို့ကို အာမခံနိုင်ရန်အတွက် ကုလသမဂ္ဂနှင့် အရပ်ဖက်လူထုအသင်းအဖွဲ့ကိုယ်စား လှယ်များ သေချာပါဝင်စေရန်။
- စစ်ကြောရေးကာလတွင်လည်းကောင်း၊ အကျဉ်းထောင်တွင်း၌လည်းကောင်း ညှဉ်းပမ်းနှိပ်စက်မှု နှင့် အခြားမတော်မတရားဆက်ဆံမှု၊ အပြစ်ပေးမှုတို့ကို ချက်ခြင်းအဆုံးသတ်ရန်။
- နိုင်ငံတကာလူ့အခွင့်အရေးစံများ၊ ဥပဒေများနှင့် မကိုက်ညီသည်များကို ပြင်ဆင် သို့မဟုတ် ပယ်ဖျက်ရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေအားလုံးကို ပြန်လည်သုံးသပ်ရန်။
- ရှေ့နေများ၊ အစိုးရရှေ့နေများ နှင့် တရားစီရင်ရေးစနစ်တို့၏ လွတ်လပ်အမှီခိုကင်းမှု၊ ဘက်မလိုက်မှု နှင့် တာဝန်ခံမှုတို့ကို အာမခံနိုင်ဖို့ တရားရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန်။
- လူ့အခွင့်အရေးကာကွယ်သူများအပေါ် စိတ်ထင်သလိုချုပ်နှောင်မှုနှင့် တရားရေးပိုင်းအရနှောင့်ယှက်မှု အပါ အဝင် ခြိမ်းခြောက်မှု အသွင်သဏ္ဌာန်အားလုံး ရပ်စဲရေးဖြစ်သည့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်၊ စုဝေးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်တို့ကို လေးစားရန်။ ငြိမ်းချမ်းစွာဆန္ဒပြသူများအပေါ် ကန့်သတ်ချုပ်ချယ်မှုများ နှင့် စွဲချက်များကိုလည်း ရပ်တန့်ရန်နှင့် NGO မှတ်ပုံတင်ဥပဒေကိုလည်း ပယ်ဖျက်ရန်။
- အဓမ္မနှင်ထုတ်ရွှေ့ပြောင်းခိုင်းမှုများအားလုံး ရပ်ဆိုင်းပြီး နိုင်ငံတကာစံနှုန်းများအတိုင်း အိမ်မြေနှင်ခြင်းများ သာဖြစ်ရေး အာမခံနိုင်မည့် ဥပဒေ အခြေခံ ပေါ်မလာမချင်း နှင်ထုတ်မှုများကို တရားဝင်တားမြစ်မိန့် ချမှတ်ရန်။
- လုပ်ဆောင်မှုအစီအစဉ်များ စေ့စပ်ညှိနှိုင်းရာ၌ ချောမွေ့အဆင်ပြေရေး၊ ကလေးစစ်သားစုဆောင်းမှု သုံးစွဲမှု စောင့်ကြည့်ရေးနှင့် သတင်းများ အတည်ပြုရေး၊ ၎င်းကလေးများ ဘေးကင်းစွာထွက်ခွင့်ရရေးနှင့် အရပ်ဖက်ပတ်ဝန်းကျင်အတွင်း ပြန်လည်ပေါင်းစပ်ရေးတို့အတွက် ကုလသမဂ္ဂနှင့် အခြားလွတ်လပ်သည့် လူသားချင်းစာနာရေးအဖွဲ့အစည်းများအား အစိုးရဘက်မဟုတ်သော လက်နက်ကိုင်အဖွဲ့များထံ ဝင်ထွက်သွားလာ ခွင့်ပြုပေးရန် နှင့် သွားလာရေးအဆင်ပြေချောမွေ့အောင် လုပ်ပေးရန်။
- ပင်မ ကုလသမဂ္ဂ လူ့အခွင့်အရေးစာချုပ်များ နှင့် ၎င်းတို့၏ နောက်ဆက်တွဲစာချုပ်များကို အတည်ပြုရန်နှင့် ထိရောက်စွာ အကောင်အထည်ဖော်ရန်။
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့်မြှင့်တင်မှုအခွင့်အာဏာ အပြည့်အဝရှိပြီး တနိုင်ငံလုံးသွားလာခွင့် အပြည့်အဝရှိသည့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတစ်ခု ဖွင့်လှစ်တည်ထောင်ရေးကို သဘောတူရန်။

**ထောက်ခံလက်မှတ်ရေးထိုးသူများ**

Back Pack Health Worker Team
Best Friend Library
Burma Issues
Burma Lawyers' Council
Burma Partnership
Forum for Democracy in Burma
Human Rights Education Institute of Burma
Kachin Women's Association Thailand
Karen Human Rights Group
Karenni Civil Societies Network
Karenni State Women Network

Kayan Women’s Organization
Movement for Democracy Current Forces
Myanmar Development Committee
Pa-Oh Youth Organization
Peoples’ Defence Force
Serve the People Network
Ta’ang Students and Youth Organization
Tavoyan Women’s Union
Union Of Kayah State Youth
ရောင်နီသစ် ပရဟိတဝါဒီများအဖွဲ့
စိတ္တသုခလူငယ်များ